မြန်မာနိုင်ငံ ဗိသုကာကောင်စီ
MYANMAR ARCHITECT COUNCIL
228-234, Bogyoke Aung San Road, Yangon, The Republic of the Union of Myanmar.
E-mail : info@mac.org.mm, Web: www.mac.org.mm
Ph : (959) 782 120 543 / (959) 265 465 884

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**
**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကြေညာချက်အမှတ် ( ၂ /၂၀၂၄)**
**၂၀၂၄ ပြည့်နှစ်၊ ဒီဇင်ဘာလ ( ၁၄ ) ရက်**

**"မှတ်ပုံတင်ဗိသုကာ (RA) နှစ်စဉ်ကြေး ပေးသွင်းခြင်း၊ လိုင်စင်ရဗိသုကာ (LA) နှင့် အကြီးတန်းလိုင်စင်ရဗိသုကာ (SLA) လိုင်စင်သက်တမ်းတိုးခြင်း ဆောင်ရွက်ရန် ကြေညာချက်"**

၁။ မြန်မာနိုင်ငံဗိသုကာကောင်စီ၏ မှတ်ပုံတင်ထားသော မှတ်ပုံတင်ဗိသုကာ (RA)များ၊ လိုင်စင်ရဗိသုကာ (LA) များနှင့် အကြီးတန်းလိုင်စင်ရဗိသုကာ (SLA) များသည် (၂၀၂၅+၂၀၂၆) ခုနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်းခြင်း၊ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ လိုင်စင်သက်တမ်းတိုးခြင်းကို (၂၀၂၅+၂၀၂၆) ခုနှစ်အတွက် နှစ်စဉ်ကြေး (၂)နှစ်စာ ပေါင်း၍ ကောက်ခံသွားမည်ဖြစ်ပါသည်။

**Senior Licensed Architect (SLA) - 300,000ks (2025+2026)**
**Licensed Architect (LA) - 200,000ks (2025+2026)**
**Registered Architect (RA) - 40,000ks (2025+2026)**

၃။ (၂၀၂၂-၂၀၂၄) (၃)နှစ်စာ စုစုပေါင်း နှစ်စဉ်ကြေးများကို မှတ်ပုံတင်ဗိသုကာ (RA) များအတွက် - ၁၀၀၀၀ကျပ်၊ လိုင်စင်ဗိသုကာ (LA) များအတွက် ၃၀၀၀၀ကျပ်၊ အကြီးတန်းလိုင်စင်ဗိသုကာ (SLA) များအတွက် ၅၀၀၀၀ ကျပ်နှုန်းဖြင့် ဖြေလျှော့သတ်မှတ်ထားပါသည်။

၄။ ၂၀၂၃ခုနှစ်အထိ ကောင်စီမှ ထုတ်ပေးထားခဲ့သော လိုင်စင်တံဆိပ်တုံးနှင့် ကတ်ပြားများ အားလုံးသည် (၁.၁.၂၀၂၅) ခုနှစ်မှစ၍ သက်တမ်း ပယ်ဖျက်မည်ဖြစ်ပါသည်။ လိုင်စင်သက်တမ်းတိုးသူများအား ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် လိုင်စင်တံဆိပ်တုံးနှင့် ကတ်ပြားအသစ်များကို စတင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၅။ (၂၀၂၅+၂၀၂၆) ခုနှစ်အတွက် အကြီးတန်းလိုင်စင်ဗိသုကာ (SLA) သက်တမ်းတိုးလိုသူများသည် မြန်မာနိုင်ငံဗိသုကာကောင်စီတွင် Licensed Renewal Form (မပျက်မကွက်)ထုတ်ယူ၍ သက်တမ်းတိုး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ လိုင်စင်တံဆိပ်တုံးနှင့် ကတ်များကို သက်တမ်းတိုးသူ (LA, SLA) များကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ မန္တလေးရှိဗိသုကာများ၊ နေပြည်တော်ရှိဗိသုကာများကို ကိုယ်စားလှယ်မှ တဆင့် ကိုယ်တိုင်ထုတ်ယူနိုင်ရန် စီစဉ်ထားရှိသွားပါမည်။

၇။ နှစ်စဉ်ကြေးပေးသွင်းရန် မြန်မာနိုင်ငံဗိသုကာကောင်စီရုံးခန်းသို့ ဒီဇင်ဘာလတွင်(တနင်္လာ၊ အင်္ဂါ ) နံနက် (၁၀) နာရီမှ နေ့လယ်( ၃) နာရီထိ ရုံးချိန်အတွင်း လာရောက်ပေးသွင်းနိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စတင်၍ (တနင်္လာ မှ သောကြာ ) နံနက် (၁၀) နာရီမှ နေ့လယ်( ၃) နာရီ အထိ ရုံးချိန်အတွင်း လာရောက်ပေးသွင်းနိုင်ပါသည်။

၈။ Online မှ ပေးသွင်းလိုသူများရှိပါက License Renewal Form ကို Email ဖြင့် ဆက်သွယ်ထုတ်ယူ၍ Myanmar Architect Council- AYA Mobile Banking (20018803438)မှ တဆင့် ငွေပေးသွင်းနိုင်ပါသည်။ ငွေပေးသွင်းပြီးပါက MAC Email (သို့) Viber – ၀၉ ၉၇၁၈၂၀၄၇၀၊ ၀၉ ၉၈၂၂၆၃၁၁၈ သို့ ငွေပေးသွင်းပြီးကြောင်း အထောက်အထားဓာတ်ပုံ ပေးပို့ရပါမည်။

၉။ လိုင်စင်သက်တမ်းတိုးခြင်း၊ နှစ်စဉ်ကြေးပေးသွင်းရန် ကိစ္စများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးဖုန်း - ၀၉ ၇၉၇ ၄၈၈၄၄၅၊ ၀၉ ၉၈ ၂၂၆၃၁၁၈ ၊ Email- myanmarchitectscouncil@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ
မြန်မာနိုင်ငံဗိသုကာကောင်စီ

စာအမှတ်။ မဗကစ/ ၂၀၂၄ / ကည( ၀၂ )
ရက်စွဲ ။ ၁၄ ရက် ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်

ဖြန့်ဝေခြင်း
SLA, LA, RA များ အားလုံး

မိတ္တူကို-
ရုံးလက်ခံ